# ပြည်တွင်း ပြည်ပလုပ်သားရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာစီမံအုပ်ချုပ်မှု ဖွံ့ဖြိုးရေး (DIILM) စီမံကိန်း ဖေဖော်ဝါရီလ ၂၀၁၆ ခုနှစ်မှ ဇွန်လ ၂၀၂၁ ခုနှစ်အထိ

## အိမ်အကူအလုပ်သမားများအတွက် သင့်လျော်ကောင်းမွန်သော အလုပ်အကိုင် လက်တွေ့ဖော်ဆောင်ပေးခြင်း။

**မြန်မာအိမ်အကူအလုပ်သမားများသည် မြန်မာနိုင်ငံတွင်လုပ်ကိုင်သည်ဖြစ်စေ၊ နိုင်ငံရပ်ခြားတွင်လုပ်ကိုင်သည်ဖြစ်စေ ၎င်းတို့သည် အမျိုးသမီး အများစုဖြစ်ပြီး၊ ကာကွယ်စောင့်ရှောက်မှု မရရှိခြင်း၊ တန်ဖိုးထားခံရမှု မရှိခြင်းနှင့် အများစုသည် အသက်မပြည့်သူများဖြစ်ကြသည်။ အိမ်အကူအလုပ်အကိုင်သည် နှိမ်ချဆက်ဆံမှုများရှိပြီး၊ အိမ်အကူအလုပ်သမားများအနေဖြင့်လည်း ၎င်းတို့အလုပ်လုပ်ကိုင်ရင်း နေထိုင်ရလေ့ရှိသည့် လုပ်ငန်းခွင်တွင် ခေါင်းပုံဖြတ်ခံရခြင်း၊ အလွဲသုံးစားပြုခြင်းများကို ခံရနိုင်ချေများသည်။**

Licence to Stir သင်တန်းဆင်းပွဲ



Licence to Stir
အိမ်အကူအလုပ်သမားသင်တန်း



မြန်မာနိုင်ငံတွင် လက်ရှိ ဥပဒေဆိုင်ရာမူဘောင်သည် အိမ်အကူအလုပ်သမားများ၏ အလုပ်သမားအခွင့်အရေးများကို အနည်းငယ်သာ ကာကွယ်မှုပေးနိုင်ပြီး၊ ခွင့်နှင့် အလုပ်ပိတ်ရက်ခံစားခွင့်ကဲ့သို့သော အခြေခံအခွင့်အရေးများမှ အိမ်အကူအလုပ်သမားများကို ဖယ်ထုတ်ထားသည်။ ထို့ကြောင့် လုပ်ခလစာ၊ အလုပ်ချိန်နာရီနှင့် နားရက်များအပါအဝင် အလုပ်အကိုင်အခြေအနေများသည် စည်းမျည်းစည်းကမ်းဖြင့် ထိန်းချုပ်မှု မရှိဘဲ၊ အိမ်အကူအလုပ်သမားများအနေဖြင့် လုပ်အားခေါင်းပုံဖြတ်မှု၊ လိင်ပိုင်း၊ ရုပ်ပိုင်း (သို့မဟုတ်) စိတ်ပိုင်း ဆိုင်ရာ အကြမ်းဖက်မှုများ ခံရလျှင် တရားမျှတမှုဆိုင်ရာ အကူအညီများ မရှိသလောက် ရှားပါးသည်။ လူမှုဖူလုံရေးဥပဒေ (၂၀၁၂) အရ၊ အိမ်အကူအလုပ်သမားများသည် လူမှုဖူလုံရေးစနစ်တွင် မိမိဆန္ဒဖြင့် ထည့်ဝင်ကြေးပေး/မပေး ရွေးချယ်ခွင့်ရှိသော်လည်း ပြုလုပ်ရန်လုပ်ငန်းစဉ်မှာ ရှုပ်ထွေးခက်ခဲပြီး၊ အိမ်အကူအလုပ်သမား အများစုအတွက် အလှမ်းဝေးဆဲဖြစ်သည်။ ၂၀၁၄ ခုနှစ် နှောင်းပိုင်းတွင် နိုင်ငံရပ်ခြား/ပြည်ပ၌ အိမ်အကူအလုပ်သမားများအပေါ် အလွဲသုံးစားပြုခြင်းနှင့်ဆိုင်သည့် အစီရင်ခံစာများကို တုံ့ပြန်ဖြေရှင်းသည့်အနေဖြင့် အစိုးရသည် အိမ်အကူ အလုပ်သမားများ ရွှေ့ပြောင်းသွားလာခြင်းအပေါ် ကန့်သတ်တားမြစ်ချက်တစ်ရပ် ချမှတ်ခဲ့သည်။ မြန်မာနိုင်ငံတွင် ရွေးချယ်စရာ အလုပ်အကိုင်အခွင့်အလမ်းမရှိခြင်း၊ တရားဝင် ရွှေ့ပြောင်းသွားလာမှု လမ်းကြောင်းများ မရှိခြင်းကြောင့်၊ မြန်မာအမျိုးသမီးအချို့သည် ကာကွယ်စောင့်ရှောက်မှု မရှိသော၊ ကောင်စစ်ဝန်ဆိုင်ရာ(သို့မဟုတ်)လူမှုဝန်ဆောင်မှု မရှိသော ပုံစံတကျမဟုတ်သည့်လမ်းကြောင်းများမှ ရွှေ့ပြောင်းသွားလာကြရသည်။

မြန်မာနိုင်ငံအပြင် ပြည်ပ နိုင်ငံရပ်ခြားတွင်ရှိသော အိမ်အကူအလုပ်အကိုင်/လုပ်ငန်းသည် သက်ဆိုင်ရာနိုင်ငံရှိ အမျိုးသမီးများနှင့် လူထုအသိုက်အဝန်းအတွက် အလုပ်အကိုင်အပြင် ဝင်ငွေပါ ဖြည့်ဆည်းပေးသည့် အဓိက ရင်းမြစ်တစ်ခုဖြစ်သည်။ ကလေးသူငယ်များ (သို့မဟုတ်)သက်ကြီးရွယ်အိုများရှိသည့် မိသားစုများအတွက်အရေးပါပြီး၊ အိမ်ထောင်စုသန်းပေါင်းများစွာအတွက်လည်း လိုအပ်သည့်ဝန်ဆောင်မှုကို ဖြည့်ဆည်းပေးနေကြခြင်းဖြစ်သည်။ ကိုဗစ်နိုင်တင်း ကမ္ဘာ့ကပ်ရောဂါကာလအတွင်း အိမ်အကူအလုပ်သမားများနှင့် ပြုစုစောင့်ရှောက်ရေးအလုပ်သမားများကို အဓိက မရှိမဖြစ် ဝန်ဆောင်မှုပေးသော အလုပ်သမားများအဖြစ် ဝိုင်းဝန်းအသိအမှတ်ပြုကြသည်။ ဤသို့ အသိအမှတ်ပြုခြင်းများရှိသော်လည်း၊ လိုအပ်သည့် ကာကွယ်စောင့်ရှောက်မှုများကို အခြား လိုအပ်သည့်အလုပ်သမားများကိုပေးသည့်နည်းတူ အကောင်အထည်ဖော်ခြင်း မရှိခဲ့ပါ။

ဤကဲ့သို့ အရေးပါသည့် လုပ်ငန်းကဏ္ဍရှိ အိမ်အကူအလုပ်သမားများအားလုံးအတွက် တူညီသော ကာကွယ်စောင့်ရှောက်မှုနှင့် အခွင့်အရေးများ သေချာရရှိစေရန် ဥပဒေဆိုင်ရာကာကွယ်စောင့်ရှောက်မှုသည် အလွန်အရေးကြီးပါသည်။ ၂၀၁၆ ခုနှစ်မှစတင်၍ DIILM စီမံကိန်းသည် အလုပ်သမားကာကွယ်စောင့်ရှောက်မှုမှ အိမ်အကူအလုပ်သမားများအား ဖယ်ကြဉ်ခြင်း အန္တရာယ်နှင့်ပတ်သက်၍ အသိအမြင်မြှင့်တင်ပေးခြင်းများကို ဆောင်ရွက်ခဲ့ပါသည်။ ထို့အပြင် အဓိကပါဝင်သက်ဆိုင်သူများကို အိမ်အကူအလုပ်သမားများအား ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ နိုင်ငံတကာ စံချိန်စံညွှန်းများနှင့် ရင်းနှီးကျွမ်းဝင်စေရန်၊ အထူးသဖြင့် အိမ်အကူအလုပ်သမားဆိုင်ရာပြဋ္ဌာန်းချက် ၂၀၁၁(အမှတ် ၁၈၉)အပါအဝင် အခြားနိုင်ငံရှိ အမျိုးသားဥပဒေများကို သိရှိစေရန် ဆောင်ရွက်ခဲ့ပါသည်။ အိမ်အကူ

© International Labour Organization 2020

အလုပ်သမားများအတွက် ကျွမ်းကျင်မှုသင်တန်းများ ဖွင့်လှစ်သင်ကြားပေးရန်နှင့် အိမ်အကူအလုပ်သမားများအနေဖြင့် မိမိတို့၏ စိုးရိမ်ပူပန်မှုများကို ထုတ်ဖော်ပြောဆိုနိုင်ရန်လည်း ကူညီဆောင်ရွက်ပေးခဲ့သည်။ ILO (အိုင်အယ်လ်အို) အနေဖြင့် မိတ်ဖက်အဖွဲ့အစည်းများဖြစ်သည့် အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် အလုပ်သမားအဖွဲ့အစည်းများ၊ ဥပဒေဆိုင်ရာအကူအညီပေးသည့် အဖွဲ့အစည်းများ[1]က အိမ်အကူအလုပ်အကိုင်ဆိုင်ရာဥပဒေ ရေးဆွဲပြဋ္ဌာန်းမှုလုပ်ငန်းစဉ် ဖွံ့ဖြိုးတိုးတက်ရေးနှင့်ပတ်သက်၍ နည်းပညာဆိုင်ရာ အကူအညီနှင့် ပံ့ပိုးမှုများကို ဖြည့်ဆည်းပေးခဲ့ပါသည်။

## အိမ်အကူအလုပ်သမားများအတွက် ကျွမ်းကျင်မှုနှင့် စွမ်းဆောင်ရည်မြှင့်တင်ပေးခြင်း သင်တန်းများ

### Three Good Spoons

**Three Good Spoons** အဖွဲ့သည် အိမ်အကူအလုပ်သမားများ၏ ကျွမ်းကျင်မှုကို မြှင့်တင်ရန် License to Stir (၅)ပတ် သင်တန်းကို ပြုလုပ်ခဲ့သည်။ သင်တန်းမော်ဂျူးများတွင် ချက်ပြုတ်ရေး၊ သန့်ရှင်းရေး၊ ကလေးပြုစုစောင့်ရှောက်ရေး၊ အာဟာရ၊ ကျန်းမာရေးအပြင် အလုပ်သမားအခွင့်အရေး၊ အလုပ်သမားဥပဒေ၊ ကိုယ်လုံ့ပညာ၊ ငွေကြေးစီမံခန့်ခွဲမှုနှင့် ဘဝနေထိုင်ရေးကျွမ်းကျင်မှုများပါဝင်သည်။ ၂၀၁၉ ခုနှစ်တွင် အိမ်အကူအလုပ်သမား စုစုပေါင်း ၄၀ ဦး သင်တန်းပြီးဆုံးအောင်မြင်ပြီး သင်တန်းဆင်းသူများထဲမှ ၇၅ % သည် လက်ရှိတွင် ကောင်းမွန်သောလုပ်ငန်းခွင်နှင့် နေထိုင်မှုအခြေအနေများတွင် အိမ်အကူအလုပ်သမားများအဖြစ် လုပ်ကိုင်လျက် ရှိပါသည်။




### ကရင်နှစ်ခြင်း ခရစ်ယာန်အဖွဲ့ချုပ်(KBC)

ကရင်နှစ်ခြင်း ခရစ်ယာန်အဖွဲ့ချုပ်၏ အမျိုးသမီးဌာနသည် အိမ်အကူအလုပ်သမားများကို ကူညီပံ့ပိုးပေးခဲ့သည်မှာ နှစ်ပေါင်း ၁၀၀ ကျော်ပြီဖြစ်သည်။ DIILM စီမံကိန်းတွင် KBC သည် အိမ်အကူအလုပ်အကိုင် ကျွမ်းကျင်မှု၊ ၎င်း၏တန်ဖိုး၊ အလုပ်သမား အခွင့်အရေးရင်ဆိုင်ရသည့် စိန်ခေါ်မှုများနှင့်ပတ်သက်၍ အိမ်အကူအလုပ်သမားများ၊ အလုပ်ရှင်များ၊ ဒေသခံ ခေါင်းဆောင်များကို ဦးတည်လျက် ရပ်ရွာလူထုတွင်း အသိအမြင်မြှင့်တင်ပေးခြင်းဖြင့် အိမ်အကူအလုပ်သမားများနှင့် ၎င်းတို့၏အခွင့်အရေးများအား လေးစားခြင်းကို မြှင့်တင်ရန် ဆောင်ရွက်လျက်ရှိပါသည်။ ထို့အပြင် KBC သည် အလုပ်ရှင်များအပေါ် ပြောဆိုနိုင်စွမ်းရှိသည့် ဒေသခံခေါင်းဆောင်များနှင့်လည်း ပူးပေါင်းဆောင်ရွက်နေပါသည်။ လုပ်ငန်းစဉ်များကို ဧရာဝတီ၊ ပဲခူးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် ဆောင်ရွက်လျက် ရှိပါသည်။




### နေဝန်းနီ ရပ်ရွာလူထုဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့

**နေဝန်းနီ** ရပ်ရွာလူထုဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့သည် အမျိုးသမီးအိမ်အကူအလုပ်သမား ၁၅၉ ဦးအား ၎င်းတို့၏စိန်ခေါ်မှုများနှင့် လိုအပ်ချက်များကို သိမြင်နားလည်ရန် ပကတိအခြေအနေ စစ်တမ်းတစ်ရပ်ကိုပြုလုပ်ခဲ့သည်။ ဆက်သွယ်ပြောဆိုမှုမြှင့်တင်ရန်၊ အသိပညာဗဟုသုတမျှဝေရန်နှင့် ဘေးကင်းလုံခြုံစေရန်အတွက် နေဝန်းနီအဖွဲ့သည် လက်ရှိတွင် အိမ်အကူအလုပ်သမား ၇၈ ဦးပါဝင်သည့် ဗိုက်ဘာဂရု (viber group)ကို ဖွဲ့ပေးထားသည်။ ဧရာဝတီတိုင်းဒေသကြီးရှိ မော်လမြိုင်ကျွန်းမြို့နယ်တွင် ပြုလုပ်သည့် သင်တန်းများတွင် အိမ်အကူအလုပ်သမား ၆၀ ဦး တက်ရောက်ခဲ့ကြသည်။

**အဓိကရှာဖွေတွေ့ရှိချက်များ (ပကတိအခြေအနေစစ်တမ်း)**

- နေ့စဉ် အလုပ်ချိန်နာရီသည် ၁၃ နာရီ (သို့) ထို့ထက် ပိုကြာပြီး သတ်မှတ်ထားသည့် အလုပ်ချိန်နှင့် အလုပ်တာဝန်များ တိတိကျကျ သတ်မှတ်ထားခြင်းမရှိပါ။
- အလုပ်နေရာချထားမှုသည် အများအားဖြင့် ပုံစံတကျ/တရားဝင် လုပ်သားစုဆောင်းသည့် လုပ်ငန်းစဉ်များဖြင့် မဟုတ်ဘဲ ဆွေမျိုးနှင့် အသိမိတ်ဆွေများမှ တစ်ဆင့်ဖြစ်ကြသည်။
- စစ်တမ်းဖြေဆိုသူ ၄၀ % ကျော်သည် တစ်လ US ဒေါ်လာ ၇၇ ဒေါ်လာ (၁၀၀,၀၀၀ ကျပ်) အောက်သာ ရရှိပြီး အနည်းဆုံးအခကြေးငွေထက် နည်းကြောင်း ကိုတွေ့ရသည်။

---

[1] မြန်မာရွှေ့ပြောင်းအလုပ်သမားများဆိုင်ရာ အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် အလုပ်သမားကွန်ရက်၊ အိမ်အကူအလုပ်သမားများအား ဥပဒေဆိုင်ရာကာကွယ်စောင့်ရှောက်မှုပေးခြင်းဆိုင်ရာ လုပ်ငန်းအဖွဲ့

© International Labour Organization 2020

### Girls Determined

**Girls Determined** အဖွဲ့သည် ကချင်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့ရှိ အိမ်အကူအလုပ်အကိုင်၊ ဈေးဆိုင်များ၊ စိုက်ပျိုးမွေးမြူရေးခြံများနှင့် အခြားလုပ်ငန်းကဏ္ဍများတွင်လုပ်ကိုင်နေသည့် အမျိုးသမီးများအကြား ကွန်ယက်ချိတ်ဆက်မှု/ဆက်သွယ်မှုနှင့် အတွေ့အကြုံများဝေမျှခြင်းကို မြှင့်တင်ဆောင်ရွက်ရန် ရပ်ရွာဒေသတွင်း သွားရောက်ကူညီပံ့ပိုးသည့် အစီအစဉ်များကို ဆောင်ရွက်ခဲ့ပါသည်။ ကိုဗစ်နိုင်တင်း တားဆီးကာကွယ်သည့်ကာလအတွင်း ကျောင်းများပိတ်လိုက်ခြင်းကြောင့် အမျိုးသမီးများ ပို၍အလုပ် လုပ်ကိုင်လာကြပါသည်။ ကွန်ယက်ဆက်သွယ်မှုမှတစ်ဆင့် အမျိုးသမီးများအကြား မတူညီသည့် လုပ်ငန်းကဏ္ဍများမှ အတွေ့အကြုံများကို အချင်းချင်း မျှဝေနိုင်ပြီး၊ ပုံမှန်ဆက်သွယ်မှုမှတစ်ဆင့် ၎င်းတို့၏ ဘေးကင်းလုံခြုံရေးကို မြှင့်တင်နိုင်ကြပါသည်။

## အိမ်အကူအလုပ်သမားများအတွက်သင့်လျော်ကောင်းမွန်သော အလုပ်အကိုင်နှင့်ပတ်သက်၍ဥပဒေဆိုင်ရာကာကွယ်စောင့်ရှောက်မှု

အလုပ်သမားရေးရာကာကွယ်စောင့်ရှောက်မှုတွင် အိမ်အကူအလုပ်အကိုင်မပါဝင်ခြင်းကြောင့် အိမ်အကူအလုပ်သမားများ၏ အလုပ်အကိုင် အခြေအနေများသည် အလုပ်ရှင်များအပေါ်တွင် လုံးဝမှီခိုသွားသည့်အပြင်၊ ပုံစံတကျမဟုတ်ခြင်း၊ အခွင့်အရေး အလွဲသုံးစားပြုခံရနိုင်ချေများခြင်း၊ လက်ခံနိုင်ဖွယ် မရှိသည့် အလုပ်ပုံစံများဖြစ်ခြင်း၏ အကြောင်းရင်းတစ်ရပ်ဖြစ်လာသည်။ ၂၀၁၆ ခုနှစ်မှ စတင်၍ DIILM စီမံကိန်းအနေဖြင့် မြန်မာနိုင်ငံနှင့် ပြည်ပနိုင်ငံသို့ရောက်ရှိနေသည့် အိမ်အကူအလုပ်သမားများအတွက် ဥပဒေကာကွယ်စောင့် ရှောက်မှု မြှင့်တင်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် သိသာထင်ရှားသည့် ကူညီပံ့ပိုးမှုများကို ဆောင်ရွက်ခဲ့ပါသည်။ အဓိက ပါဝင်သက်ဆိုင်သူများကို အိမ်အကူအလုပ်သမားများနှင့်သက်ဆိုင်သည့် အလုပ်သမားရေးရာ ကာကွယ်စောင့်ရှောက်မှု စံချိန်စံညွှန်းများနှင့် ရင်းနှီးကျွမ်းဝင်စေရန် DIILM စီမံကိန်းက အောက်ပါအဖွဲ့အစည်းနှင့် လူပုဂ္ဂိုလ်များကို သင်တန်းများ ပေးခဲ့ပါသည်။

- ရှမ်းပြည်နယ်၊ ဧရာဝတီ၊ မန္တလေးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် သုံးပွင့်ဆိုင် မိတ်ဖက်အဖွဲ့အစည်းများအပါအဝင် အရပ်ဘက် လူမှုအဖွဲ့အစည်းကိုယ်စားလှယ်/လူပုဂ္ဂိုလ် ၂၃၀ ဦး (မ-၁၅၉၊ ကျား-၇၁)။
- အီတလီနိုင်ငံ၊ တူရင်းမြို့ရှိ ITC-ILO သင်တန်းကျောင်းတွင် အိမ်အကူအလုပ်သမားများအတွက် သင့်လျော်ကောင်းမွန်သော အလုပ်အကိုင်ဆိုင်ရာ သင်တန်းကို အလုပ်သမားအဖွဲ့အစည်းကိုယ်စားလှယ်တစ်ဦး တက်ရောက်သင်ကြားရန် ကူညီပံ့ပိုးပေးခဲ့သည်။
- စည်းရုံးလှုံ့ဆော်ရန်/အားပေးထောက်ခံရန် နည်းလမ်းတစ်ရပ်အဖြစ် အိမ်အကူအလုပ်အကိုင်အတွက် နိုင်ငံတကာ အလုပ်သမားရေးရာစံချိန်စံညွှန်းများ အနှစ်ချုပ်စာတမ်းကို ပုံနှိပ်ဖြန့်ဝေပေးခဲ့သည်။ အကျဉ်းချုပ်စာတမ်းအမည်မှာ "မူဝါဒအားပေးထောက်ခံမှုဆိုင်ရာအနှစ်ချုပ်စာတမ်း - မြန်မာနိုင်ငံတွင် အိမ်အကူအလုပ်သမားဆိုင်ရာ ပြဌာန်းချက်တစ်ရပ်ကို အတည်ပြုလက်မှတ်ရေးထိုးရေးဆီသို့" ဖြစ်သည်။

  အင်္ဂလိပ်ဘာသာဖြင့်

  https://www.ilo.org/yangon/publications/WCMS_667541/lang--en/index.htm

  မြန်မာဘာသာဖြင့်

  https://www.ilo.org/yangon/publications/WCMS_731366/lang--en/index.htm

- ထို့အပြင် DIILM စီမံကိန်းသည် စကားဝိုင်းဆွေးနွေးပွဲများပြုလုပ်ပြီး ILO ၏ အိမ်အကူအလုပ်သမားဆိုင်ရာပြဋ္ဌာန်းချက် ၂၀၁၁ (အမှတ် ၁၈၉) နှင့် အကြံပြုတိုက်တွန်းချက် (အမှတ် ၂၀၁) အပြင် အခြားနိုင်ငံများရှိ အိမ်အကူအလုပ်သမားဥပဒေများအပေါ် အခြေခံ၍ နည်းပညာဆိုင်ရာ အကြံပြုချက်များပေးခဲ့သည်။
- စကားဝိုင်းဆွေးနွေးပွဲများနှင့် ညှိနှိုင်းဆွေးနွေးပွဲများသို့ အမျိုးသားလွှတ်တော်နှင့် ပြည်သူ့လွှတ်တော်မှ လွှတ်တော်အမတ်များ အပါအဝင်၊ အမျိုးသမီးနှင့် ငြိမ်းချမ်းရေးအမတ်များအဖွဲ့မှ ကိုယ်စားလှယ်များ၊ လူ့ဝင်မှုကြီးကြပ်ရေး၊ ပြည်တွင်း ပြည်ပ အလုပ်သမား ဆိုင်ရာ အမျိုးသားလွှတ်တော်ကော်မတီ စသည်တို့မှ လွှတ်တော်အမတ် ၃၀ဝ ကျော် တက်ရောက်ခဲ့ပါသည်။

မူဝါဒနှင့် ဥပဒေဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများကို ပံ့ပိုးကူညီရန် အောက်ပါ စာတမ်းများကို ပြုစုထုတ်ဝေခဲ့သည်။

- ကိုဗစ်နိုင်တင်းကာလအတွင်း အိမ်အကူအလုပ်သမားများ၏ အခြေအနေနှင့်ပတ်သက်၍ မူဝါဒအကျဉ်းချုပ်စာတမ်း (ထုတ်ဝေရန်ရှိ)
- အိမ်အကူအလုပ်အကိုင်အတွက် မြန်မာနိုင်ငံ၏ ဥပဒေများကို နိုင်ငံတကာစံချိန်စံညွှန်းများနှင့်ယှဉ်၍ ကွာဟချက်များကို ဆန်းစစ် လေ့လာသုံးသပ်ချက် (အနှစ်ချုပ်)*

  အင်္ဂလိပ်ဘာသာဖြင့်

  https://www.ilo.org/yangon/publications/WCMS_731547/lang--en/index.htm)

© International Labour Organization 2020

မြန်မာဘာသာဖြင့်
https://www.ilo.org/yangon/publications/WCMS_731564/lang--en/index.htm)

- ပြဋ္ဌာန်းချက်အမှတ် (၁၈၉) နှင့် မြန်မာနိုင်ငံဥပဒေများကို နှိုင်းယှဉ်လေ့လာခြင်း* (အပြည့်အစုံ ဖော်ပြထားသည့်စာတမ်း)
  မြန်မာဘာသာဖြင့်
  https://www.ilo.org/yangon/publications/WCMS_731674/lang--en/index.htm
- အကြံပြုတိုက်တွန်းချက်အမှတ် (၂၀၁) နှင့် မြန်မာနိုင်ငံဥပဒေများကို နှိုင်းယှဉ်လေ့လာခြင်း*
  မြန်မာဘာသာဖြင့်
  https://www.ilo.org/yangon/publications/WCMS_731686/lang--en/index.htm

DIILM စီမံကိန်းသည် မြန်မာရွှေ့ပြောင်းအလုပ်သမားများဆိုင်ရာ အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် အလုပ်သမားကွန်ရက်နှင့် ပူးပေါင်း၍ (ဇွန်လ ၁၆ ရက်) အပြည်ပြည်ဆိုင်ရာ အိမ်အကူအလုပ်သမားများနေ့အခမ်းအနားကို ၂၀၁၆ ခုနှစ်မှစတင်၍ နှစ်စဉ် အများပြည်သူ ပါဝင်ဆင်နွှဲနိုင်ရန် ကျင်းပခဲ့ပါသည်။ အခမ်းအနားသို့ အမျိုးသမီးအလုပ်သမား ထောင်ပေါင်းများစွာ တက်ရောက်ခဲ့ပြီး၊ မီဒီယာအများစုတွင် အိမ်အကူအလုပ်သမားများ ရွှေ့ပြောင်းသွားလာမှုအပေါ် တားမြစ်ပိတ်ပင်ထားခြင်းအား ရုတ်သိမ်းပေးရန်၊ အိမ်အကူအလုပ်ကို အလုပ်အကိုင်တစ်ခုအဖြစ် အသိအမှတ်ပြုရန်နှင့် ဥပဒေကာကွယ်စောင့်ရှောက်မှု ဖွံ့ဖြိုးတိုးတက်ရန် အိမ်အကူအလုပ်သမားများ တောင်းဆိုသည့်အသံများကို ထုတ်လွှင့်ဖော်ပြနိုင်ခဲ့သည်။ ၂၀၂၀ ခုနှစ်တွင် ဖေ့စ်ဘွတ် (Facebook) မှတစ်ဆင့် အွန်လိုင်းအစီအစဉ်ဖြင့် ၅ ရက်တာ အခမ်းအနားကို ကျင်းပနိုင်ခဲ့ပြီး အထူးဧည့်သည်တော်များ၊ မြန်မာ အနုပညာရှင်၊ တေးသံရှင် ချမ်းချမ်းတို့က ပါဝင်သီဆိုဖျော်ဖြေခဲ့ပြီး၊ လာမည့်နှစ် ၂၀၂၁ ခုနှစ်တွင်ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ အိမ်အကူအလုပ်သမားများနေ့အခမ်းအနားတွင်လည်းပါဝင်အားပေးရန်သတင်းစကားပါးခဲ့ပါသည်။
(https://www.facebook.com/ILOMyanmar/videos/?ref=page_internal).

| အပြည်ပြည်ဆိုင်ရာ အိမ်အကူအလုပ်သမားများနေ့ အခမ်းအနား (၂၀၁၉) ဆီဒိုးနားဟိုတယ်၊ ရန်ကုန် | အပြည်ပြည်ဆိုင်ရာ အိမ်အကူအလုပ်သမားများနေ့ အွန်လိုင်းကမ်ပိန်းအစီအစဉ် (၂၀၂၀၊ ဇွန်လ ၁၆ ရက်) |
|---|---|
|  |  |



## ပံ့ပိုးဆောင်ရွက်ခဲ့သည့် အထောက်အပံ့ပစ္စည်းများနှင့် နည်းလမ်းများ

DIILM စီမံကိန်းက အိမ်အကူအလုပ်သမားများ၏အခွင့်အရေးအား အများပြည်သူပိုမိုသိမြင်နားလည်လာစေရန်နှင့် ဥပဒေဆိုင်ရာ ကာကွယ်စောင့်ရှောက်မှုပိုမိုရရှိစေရန် ဆောင်ရွက်ချက် –

- ကာတွန်းရုပ်ပုံပါ စာအုပ်ငယ် – အိမ်အကူအလုပ်သမားများအတွက် သင့်လျော်ကောင်းမွန်သော အလုပ်အကိုင်ဆိုင်ရာ ပြဋ္ဌာန်း ချက်အမှတ် (၁၈၉)။
  မြန်မာဘာသာဖြင့်
  http://ilo.org/yangon/publications/WCMS_634937/lang--en/index.htm
- အများပြည်သူ အမြင်သဘောထားစစ်တမ်း – မြန်မာနိုင်ငံရှိအိမ်အကူအလုပ်အကိုင်နှင့်ပတ်သက်၍ ဥပဒေကာကွယ်စောင့်ရှောက်မှု – အများပြည်သူများ၏ အမြင်သဘောထား မည်သို့ရှိသနည်း။ (အကျဉ်းချုပ်)*
  အင်္ဂလိပ်ဘာသာဖြင့်
  https://www.ilo.org/yangon/publications/WCMS_731540/lang--en/index.htm
  မြန်မာဘာသာဖြင့်
  https://www.ilo.org/yangon/publications/WCMS_731541/lang--en/index.htm

© International Labour Organization 2020

အိမ်အကူအလုပ်သမားကူညီပံ့ပိုးရေးအဖွဲ့များအတွက် လက်တွေ့လမ်းညွှန်ချက်များ ဖြည့်ဆည်းပေးရန်

- စုပေါင်းသင်းဖွဲ့ဆောင်ရွက်ခြင်း၊ နှိမ်ချဆက်ဆံမှုများကို လျှော့ချခြင်းနှင့် အိမ်အကူအလုပ်သမားများ၏ အခွင့်အရေးများကို မြှင့်တင်ခြင်း – အိမ်အကူအလုပ်သမားပံ့ပိုးကူညီရေးအဖွဲ့များအတွက် လက်တွေ့လမ်းညွှန်ချက်တစ်ရပ်၊
  မြန်မာဘာသာဖြင့်
  http://ilo.org/yangon/publications/WCMS_634950/lang--en/index.htm)

## အိမ်အကူအလုပ်သမားများအား ဥပဒေဆိုင်ရာ ကာကွယ်စောင့်ရှောက်မှုပေးခြင်းနှင့်ပတ်သက်၍ တိုးတက်မှုများ

- ၂၀၁၇ ခုနှစ်တွင် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန (MOLIP) ကစီစဉ်ကျင်းပသော (၁၀) ကြိမ်မြောက် ရွှေ့ပြောင်းအလုပ်သမားဆိုင်ရာ အာဆီယံဖိုရမ်အတွက် အမျိုးသားအဆင့် အကြိုလုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် သုံးပွင့် ဆိုင်မိတ်ဖက်အဖွဲ့အစည်းမှ တက်ရောက်လာသူများသည် ဆိုက်ရောက်နိုင်ငံများတွင် ခိုင်မာအားကောင်းသည့် ကောင်စစ်ဝန် အကူအညီ အပါအဝင်၊ အာဆီယံဒေသတွင်းရှိ အိမ်အကူ ရွှေ့ပြောင်းအလုပ်သမားများအတွက် ပိုမိုပြည့်စုံကောင်းမွန်သည့် ကာကွယ် စောင့်ရှောက်မှုများရရှိရေး အကြံပြုခဲ့ကြပါသည်။
- ၂၀၁၉ ခုနှစ် ဧပြီလတွင်၊ မြန်မာအစိုးရသည် အိမ်အကူအလုပ်သမားများ စင်္ကာပူ၊ ဟောင်ကောင် (တရုတ်)၊ မကာအို (တရုတ်)နှင့် ထိုင်းနိုင်ငံသို့ သွားရောက်လုပ်ကိုင်ခြင်းအပေါ် တားမြစ်ပိတ်ပင်မှုအား ရုတ်သိမ်းပေးခဲ့သည်။ သို့သော် လည်း ဤနိုင်ငံများသို့ရွှေ့ပြောင်းသွားလာခြင်းကို အဆင်ပြေချောမွေ့အောင် ဆောင်ရွက်ပေးရန် လုပ်ထုံးလုပ်နည်းများ ချမှတ်ခြင်း မရှိသေးပါ။
- အမျိုးသမီးနှင့် ငြိမ်းချမ်းရေးလွှတ်တော်အမတ်များအဖွဲ့သည် ဥပဒေဆိုင်ရာကာကွယ်စောင့်ရှောက်မှု ဖွံ့ဖြိုးတိုးတက် ရေးအတွက် အိမ်အကူ အလုပ်အကိုင်ကို ဦးစားပေးဆောင်ရွက်ခဲ့ပြီး၊ အိမ်အကူအလုပ်သမားဥပဒေမူကြမ်း ထွက်ပေါ် ရေးအတွက် လူဝင်မှုကြီးကြပ်ရေး၊ ပြည်တွင်း ပြည်ပအလုပ်သမားဆိုင်ရာ အမျိုးသားလွှတ်တော်ကော်မတီနှင့် ပူးပေါင်း ဆောင်ရွက်ခဲ့သည်။
- အိမ်အကူအလုပ်သမားဥပဒေမူကြမ်းကို ပြုစုရေးဆွဲပြီးဖြစ်သည်။
- အိုင်အယ်လ်အို က ဥပဒေမူကြမ်းနှင့်ပတ်သက်၍ နည်းပညာဆိုင်ရာ အကြံပြုမှတ်ချက်များ ပေးခဲ့သည်။

## အနာဂတ်ကာလ ဆောင်ရွက်မည့်လုပ်ငန်းများ

- အိမ်အကူအလုပ်သမားဥပဒေမူကြမ်းပြဋ္ဌာန်းခြင်းနှင့် အကောင်အထည်ဖော်ခြင်း၊ ပြဋ္ဌာန်းချက်အမှတ် (၁၈၉)ကို အတည်ပြု လက်မှတ်ရေးထိုးခြင်း၊ အကောင်အထည်ဖော်ခြင်းနှင့် အကြံပြုတိုက်တွန်းချက်အမှတ် (၂၀၁) ပါအချက်များကို အကောင် အထည်ဖော်ခြင်းတို့နှင့်ပတ်သက်၍ ပံ့ပိုးကူညီခြင်း။
- အိမ်အကူအလုပ်သမားများအတွက် နိုင်ငံအဆင့် အသိအမှတ်ပြု ကျွမ်းကျင်မှုသင်တန်းများ ပြုလုပ်ခြင်း။
- အိမ်အကူအလုပ်သမားများနှင့် အလုပ်ရှင်အဖွဲ့အစည်းများ၊ ကိုယ်စားပြုခြင်းများကို အဆင်ပြေချောမွေ့အောင် ဆောင်ရွက် ပေးခြင်း။
- အိမ်အကူအလုပ်သမားများနှင့်၎င်းတို့၏မိသားစုဝင်များအတွက် ကိုဗစ်နိုင်တင်းကာလအတွင်း လူမှုအထောက်အပံ့များ တိုးချဲ့ခြင်း။
- လူမှုကာကွယ်စောင့်ရှောက်မှုအောက်တွင် ပုံစံတကျမဟုတ်သောအိမ်အကူအလုပ်သမားများ အကျုံးဝင်ရေး တိုးချဲ့ဆောင် ရွက်ပေးခြင်း။
- ကိုဗစ်နိုင်တင်းနှင့်၊ လုပ်ငန်းခွင်ဘေးကင်းလုံခြုံရေးနှင့်ပတ်သက်၍ အလုပ်ရှင်များနှင့် အိမ်အကူအလုပ်သမားများအတွက် ရှင်းလင်းသည့် လမ်းညွှန်ချက်များ ဖြည့်ဆည်းပေးရန် ထိရောက်သော ဆက်သွယ်ရေးလမ်းကြောင်းများ ပြုလုပ် ဆောင်ရွက် ပေးခြင်း။ အလုပ်သမားရေးရာနှင့် ရွှေ့ပြောင်းသွားလာမှုဆိုင်ရာ ဥပဒေနှင့် မူဝါဒများတွင် ကျား/မ သာတူညီမျှရှိမှုနှင့် သက်ဆိုင်သည့် နိုင်ငံတကာစံချိန်စံညွှန်းများ ပေါင်းစပ်ပါဝင်ရေး နည်းပညာအကူအညီပေးခြင်း။
- အလုပ်သမားရေးရာ စံချိန်စံညွှန်းများ ကျင့်သုံးနိုင်စေရန် အလုပ်သမားရေးရာ စစ်ဆေးရေးအဖွဲ့များကို အဆင့်မြှင့်တင် ပေးခြင်း။
- စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး နည်းလမ်းများအဖြစ် မူဝါဒရေးဆွဲသူများနှင့် အကောင်အထည်ဖော်သူများအကြား ကျား/မ ရေးရာ စွမ်းဆောင်ရည်မြှင့်တင်ခြင်းနှင့် ကျား/မ ရေးရာ သတိပြုဆောင်ရွက်ခြင်းနှင့်ပတ်သက်၍ စွမ်းဆောင်ရည် မြှင့်တင်ပေးခြင်း။

© International Labour Organization 2020

**ပြည်တွင်း ပြည်ပလုပ်သားရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ စီမံအုပ်ချုပ်မှုဖွံ့ဖြိုးရေး (DIILM) (၂၀၁၆–၂၀၂၁) စီမံကိန်း** အနေဖြင့် လုပ်သားရွှေ့ပြောင်းသွားလာခြင်း စီမံအုပ်ချုပ်မှုဆိုင်ရာ ဥပဒေနှင့် မူဝါဒဆိုင်ရာ မူဘောင် ခိုင်မာအားကောင်းစေရန် မြန်မာနိုင်ငံတွင် သုံးပွင့်ဆိုင် မိတ်ဖက်အဖွဲ့အစည်းများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။ မြန်မာပြည်သူများသည် ရွှေ့ပြောင်းသွားလာခြင်းကို မိမိတို့ဘဝလုံခြုံရေးအတွက် အားထားရာအဖြစ်ရော၊ အသက်မွေးဝမ်းကျောင်းအတွက်ပါ အသက်ရှင်ရပ်တည်ရေး နည်းလမ်းတစ်ခုအဖြစ် အသုံးပြုခဲ့သည်မှာ ကာလကြာမြင့်ခဲ့ပြီဖြစ်သည်။ လုပ်သားရွှေ့ပြောင်းသွားလာခြင်း စီမံအုပ်ချုပ်မှုကို တိုးတက်အောင်ဆောင်ရွက်ခြင်းဖြင့် ရွှေ့ပြောင်းသွားလာမှု အတွေ့အကြုံများသည် အမျိုးသမီးများအတွက်ရော အမျိုးသားများအတွက်ပါ အကျိုးကျေးဇူးများ ပိုမိုရရှိစေပြီး၊ မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကောင်းစွာ အထောက်အကူပြုနိုင်ပါသည်။ DIILM စီမံကိန်းနှင့် သုံးပွင့်ဆိုင် မိတ်ဖက်အဖွဲ့အစည်းများသည် (၁) အဓိကကျသော ဥပဒေနှင့် မူဝါဒများဖွံ့ဖြိုးတိုးတက်ရေးအတွက် ပံ့ပိုးဆောင်ရွက်ရန်၊ (၂) ပုံစံတကျမဟုတ်သော ကဏ္ဍရှိ အလုပ်သမားများအပါအဝင် ရွှေ့ပြောင်းသွားလာသူအားလုံးအတွက် သင့်လျော်ကောင်းမွန်သော အလုပ်အကိုင် မြှင့်တင်ဆောင်ရွက်ပေးရန်၊ (၃) ရွှေ့ပြောင်းသွားလာသူများကိုပေးသော ဝန်ဆောင်မှုများ ပိုမိုလွှမ်းခြုံမိစေရန်နှင့် အရည်အသွေးပြည့်ဝစေရန်တိုးမြှင့် ဆောင်ရွက်ရန်၊ (၄) မူဝါဒဆက်စပ်ကိုက်ညီမှု ခိုင်မာအားကောင်းစေရန်အတွက် ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

**DIILM စီမံကိန်းကို အသက်မွေးဝမ်းကျောင်းနှင့် စားနပ်ရိက္ခာဖူလုံရေး ရန်ပုံငွေအဖွဲ့အစည်း (LIFT) က ရန်ပုံငွေပံ့ပိုးပေးပါသည်။**

သတင်းအချက်အလက်ပိုမိုသိရှိလိုပါက–
Jacqueline Pollock
နည်းပညာအကြံပေးအရာရှိ (Migration)
အီးမေးလ် – pollock@ilo.org

ILO ဆက်သွယ်ညှိနှိုင်းရေးအရာရှိရုံး၊ မြန်မာနိုင်ငံ
+၉၅ ၁ ၂၃၃၆၅၃၈၊ ၂၃၃၆၅၃၉
+၉၅ ၉ ၄၂၁၁၂၆၈၆၉
သို့ဆက်သွယ်မေးမြန်းနိုင်ပါသည်။
https://www.ilo.org/yangon/areas/labour-migration/lang--en/index.htm

အမှတ် (၁) (က)၊ ကန်ဘဲ့ (သစ္စာ) လမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်၊ မြန်မာ။

© International Labour Organization 2020